**ဗောဇ္ဈင် (၇) -(၁၄)ပါး ၊ နိဝရဏတရား ( ၁၀ ) ပါး၊ ပရိယာယသုတ်**

**ဗောဇ္ဈင် (၇) ပါး** ဟူသည် သစ္စာ (၄)ပါး မြတ်တရားကို သိမြင်တတ်သော မဂ်ဉာဏ်၏ အတောင်အလက် အစိတ်အပိုင်းဟု အဓိပ္ပာယ်ရရှိသည်။ ဗောဇ္ဈင် (၇) ပါးမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

(၁) သတိသမ္ဗောဇ္ဈင် = သတိပဌာန်၊ သတိန္ဒြေ၊ သတိဗိုလ်၊ သမ္မာသတိမဂ္ဂင်ခေါ်သော သတိ စေတသိက်

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် = hဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ခေါ် ပညာ စေတသိက် (တနည်း) ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသော ပညာဝိသုဒ္ဓိ (၅) ပါး၊ အနုပဿနာဉာဏ် (၃) ပါးနှင့် ဝိပဿနာဉာဏ် (၁၀) ပါးသည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်၏။

(၃) ဝိရိယသမ္ဗောဇ္ဈင် = သမ္မပ္ပဓာန် (၄) ပါး၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ သမ္မာဝါယာမခေါ် သော ဝီရိယစေတသိက်။

(၄) ပီတိသမ္ဗောဇ္ဈင် = ကာယဂတာသတိ(ထွက်သက်ဝင်သက်) စသည်ကို တည်ထောင်မိ၍ ထင်မှု မြင်မှု တိုးပွားလာသောအခါ ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်း ပီတိစေတသိက်။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် = စိတ်မငြိမ်သက်မှု၊ စိတ်အကြံများမှုကြောင့်ဖြစ်သော ကိုယ်စိတ်ပူပန် ခြင်းများ၏ ငြိမ်းချမ်းခြင်း။

(၆) သမာဓိသမ္ဗောဇ္ဈင် = သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိမဂ္ဂင်ဟူသော သမာဓိတရား။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင် = ကမ္မဌာန်းအလုပ်တွင်း၌ အချိုးအစားမကျနိုင်သေး၍ ကြောင့်ကြစိုက် ရသော ဗျာပါဒအမှုများစွာရှိသည်။ အချိုးအစားကျလာသောအခါ၌ ကြောင့်ကြစိုက်ရမှု ကင်း ရှင်းလာခြင်းဟူသော တတြမဇ္ဈတ္တတာ စေတသိက်။ စကြာရတနာ (၇) ပါးနှင့် ပြည့်စုံသော စကြာမင်းသည် အတုမရှိသော စည်းစိမ်ကို ခံစားရသကဲ့သို့ ဗောဇ္ဈင် (၇) ပါးပြည့်စုံသော ယောဂီ သည်လည်း သာသနာတော်အစီးအပွားတွင် အတုမရှိသော သမဏစည်းစိမ်ကို ခံစားရ၏။ [၁]

မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ စာမျက်နှာ (၆၀)။ အဋ္ဌကထာ၊ စာမျက်နှာ (၁၇၈)၌ အကျယ်ရှု။

ဗောဓိသ+အင်္ဂါ=ဗောဇ္ဈင်္ဂါ

ဗောဓိသ-သစ္စာလေးပါးတရားအပေါင်းကို သိခြင်း မဂ်, ဖိုလ် ဉာဏ်၏၊

အင်္ဂါ- အကြောင်းတို့တည်း၊ ဝါ, အစိတ်အပိုင်းတို့တည်း၊

ဗောဇ္ဈင်္ဂါ- သစ္စာလေးပါး သိကြောင်းမဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အကြောင်း၊ သို့မဟုတ် အစိတ်အပိုင်းဖြစ်သော တရား ၇-ပါး၊ ၎င်းတို့ကိုပွားစီးစေရသည် ဟူ၏။

ဗောဇ္ဈင် ၇-ပါး

- (၁) သတိသမ္ဗောဇ္ဈင်- အောက်မေ့ခြင်း မဂ်ဖိုလ်ဉာဏ် အစိတ်'သတိ စေတသိက်'၊
- (၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်- တရား စိစစ်ခြင်း မဂ်, ဖိုလ် ဉာဏ်အစိတ်'ပညာ စေတသိက်'၊
- (၃) ဝီရိယသမ္ဗောဇ္ဈင်- လုံ့လစိုက်ခြင်း မဂ် ဖိုလ်ဉာဏ်အစိတ် 'ဝီရိယစေတသိက်'၊
- (၄) ပီတိသမ္ဗောဇ္ဈင်- နှစ်သက်ခြင်း မဂ် ဖိုလ် ဉာဏ်အစိတ် 'ပီတိ စေတသိက်'၊
- (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်- အေးမြခြင်း မဂ်ဖိုလ်ဉာဏ်အစိတ် ' ကာယ, စိတ္တ ပဿဒ္ဓိ စေတသိက်'၊
- (၆) သမာဓိသမ္ဗောဇ္ဈင်- စိတ်၏တည်ကြည်ခြင်း မဂ်, ဖိုလ် ဉာဏ်အစိတ် 'ဧကဂ္ဂတာ စေတသိက်'၊
- (၇) ဥပေက္ခာသမ္ဗောဇ္ဈင်- လျစ်လျူရှုခြင်း မဂ်, ဖိုလ် ဉာဏ်အစိတ် 'တတြမဇ္ဈတ္တတာ စေတသိက်'။

နိဝရဏတရားငါးပါး

1. ကာမစ္ဆန္ဒနီဝရဏ = လိုချင်တပ်မက်ခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်ခြင်း။ အာရုံငါးပါး အဆင်း အသံ အနံ့ အရသာ အထိအတွေ့ စတဲ့ အာရုံတွေကိုလိုခြင်တပ်မက်ခြင်းများ။
2. ဗျာပါဒနီဝရဏ = ဒေါသအမျက်ထွက်ခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်ခြင်း။မကျေနပ်မှု ဒေါသထွက်ခြင်း၊ စိုးရိမ်ကြောင့်ကြမှု ဗျာပါဒ။
3. ထိနမိဒ္ဓနီဝရဏ = ငိုက်မြည်းခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်ခြင်း။ အလုပ်ကိုစမလုပ်ခြင်း၊ လမ်းခုလပ်၌ ရပ်တန့်ခြင်း။
4. ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ = စိတ်ပျံ့လွင့်ခြင်း၊ နောင်တတဖန်ပူပန်ခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်ခြင်း။
5. ဝိစိကိစ္ဆာနီဝရဏ = သံသယရှိခြင်း၊ ယုံမှားခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်ခြင်း။

ဘုရားရှင်က သိင်္ဂါရဝပုဏ္ဏားအား ဥပမာပေးရှင်းပြပုံ

1. ကာမစ္ဆန္ဒနီဝရဏ = ဆေးနီ၊ ဆေးဝါ၊ ဆေးပြာ
2. ဗျာပါဒနီဝရဏ = ဆူနေသောရေနွေးအိုးထဲမှရေ
3. ထိနမိဒ္ဓနီဝရဏ = မှော်ဖတ်၊ မှော်ရိုပ်
4. ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ = သစ်ပင်ရိပ်၊ လေတိုက်၍ရေပြင်မငြိမ်
5. ဝိစိကိစ္ဆာနီဝရဏ = အနယ်ဖတ်များကျ

ဘုရားရှင်က အဇာတသတ်မင်းကြီးအား ဥပမာပေးရှင်းပြပုံ[ပြင်ဆင်ရန်]

1. ကာမစ္ဆန္ဒနီဝရဏ = ကြွေးတင်နေသောသူ
2. ဗျာပါဒနီဝရဏ = သည်းခြေရောဂါရှိနေသောသူ
3. ထိနမိဒ္ဓနီဝရဏ = ထောင်ကျနေသာသူ
4. ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ = ကျွန်
5. ဝိစိကိစ္ဆာနီဝရဏ = လမ်းခွဆုံရောက်နေသောသူ

**နိဝရဏတရား ( ၁၀ )ပါး**

မိမိခန္ဓာ ကိုစွဲ၍ ဖြစ်သော ကာမဥ္စလိုချင်မှု ကာမစ္ဆန္ဒ ၊

ပြင်ပခန္ဓာကိုစွဲ၍ဖြစ်သော ကာမဥ္စလိုချင်မှု ကာမစ္ဆန္ဒ ၊

မိမိခန္ဓာ ကိုစွဲ၍ဖြစ်သော ပျက် စီး စေလိုမှု ဗျာပါဒ ၊

ပြင်ပခန္ဓာ ကိုစွဲ၍ဖြစ် သော ပျက် စီး စေလိုမှု ဗျာပါဒ ၊

စိတ်၏ထိုင်းမှိုင်းမှု ထိန ၊

သညာ ၊ ဝေဒနာ ၊ စေတနာ စ သော စေတသိတ် တို့၏ ထိုင်းမှိုင်းမှု မိဒ္ဓ၊

စိတ်၏ ပျံ့လွင့်မှု ဥဒ္ဓစ္စ ၊

နောင်တ တစ်ဖန် ပူပန်မှု ကုက္ကုစ္စ ၊

မိမိခန္ဓာတရားတို့၌ မဝေခွဲနိုင် မှု ဝိစိကိစ္ဆာ ၊

ပြင်ပခန္ဓာတရားတို့၏ မဝေခွဲနိုင်မှု ဝိစိကိစ္ဆာ ၊

( မဟာဝဂ္ဂသံယုတ် ၊ပရိယာယသုတ် ၊ မြန် မာ ၁၀၁)

## ၆—သာကစ္စဝဂ်

### ၂ — ပရိယာယသုတ်

၂၃၃။ ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်း ကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့အား ဤအကြံသည် ဖြစ်၏— "သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ရန် အချိန်စောသေး၏၊ ငါတို့ကား ဤသာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရလျှင် ကောင်းပေလိမ့်မည်"ဟု အကြံ ဖြစ်၏။ ထို့နောက် ထိုရဟန်းတို့သည် သာသနာ့ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကုန်ပြီးလျှင် ထိုသာသနာ့ပြင်ပအယူရှိကုန်သည့် ပရိဗိုဇ်တို့နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးဆုံးစေပြီး၍ တစ်ခုသော နေရာ၌ ထိုင်နေကုန်၏၊ တစ်ခုသော နေရာ၌ ထိုင်နေသော ထိုရဟန်းတို့အား သာသနာ့ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့သည် ဤစကားကို ဆိုကုန်၏ — ငါ့သျှင်တို့ ရဟန်းဂေါတမသည် တပည့် 'သာဝက'တို့အား "ရဟန်းတို့ လာကြကုန်၊ သင်တို့သည်စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကိုပယ်စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုဟုတ်မှန်သောအတိုင်း ပွါးများကြကုန်လော့"ဟု ဤသို့သော တရားကို ဟောကြား၏၊ ငါ့သျှင်တို့ ငါတို့သည်လည်း တပည့် 'သာဝက' တို့အား "ငါ့သျှင်တို့ လာကြကုန်၊ သင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သောနီဝရဏငါးပါးတို့ကို ပယ်စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုဟုတ်မှန်သောအတိုင်း ပွါးများကုန်လော့"ဟုဤသို့သော တရားကို ဟောကုန်၏။ ငါ့သျှင်တို့ ဤအရာ၌ ရဟန်းဂေါတမ၏ တရားဟောခြင်းနှင့်ငါတို့၏ တရားဟောခြင်းသည်လည်းကောင်း၊ ရဟန်းဂေါတမ၏ ဆုံးမခြင်းနှင့် ငါတို့၏ဆုံးမခြင်းသည်လည်းကောင်း အထူးကား အဘယ်နည်း၊ သာလွန်ခြင်းကား အဘယ်နည်း၊ ကွဲပြားချက်ကား အဘယ်နည်းဟု ဆိုကြ ကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် သာသနာ့ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့၏ ပြောဆိုအပ်သော စကားကို မနှစ်သက်မတားမြစ်မူ၍ "မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏ အနက်ကို သိကြရကုန် အံ့"ဟု နေရာမှ ထပြီးလျှင် ဖဲခွါခဲ့ကြကုန်၏။ ထို့နောက် ထိုရဟန်းတို့သည် သာဝတ္ထိပြည်သို့ ဆွမ်းခံ လှည့်လည်၍ဆွမ်းစားပြီးနောက် ဆွမ်းစားရာအရပ်မှ ဖဲခွါခဲ့ကြကုန်ပြီးသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရား အား ဤစကားကိုလျှောက်ကုန်၏ — အသျှင်ဘုရားအကျွန်ုပ်တို့သည်နံနက်အချိန်သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ခဲ့ကြကုန်၏၊ အသျှင်ဘုရား တပည့်တော်တို့အား "သာဝတ္ထိပြည်၌ဆွမ်းခံလှည့်လည်ရန် အချိန်စောသေး၏၊ ငါတို့ကား သာသနာ့ပြင် ပအယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ချဉ်းကပ်ရကြလျှင် ကောင်းပေလိမ့်မည်"ဟု အကြံ ဖြစ်ပေါ် ပါ၏၊ ထို့နောက် အကျွန်ုပ်တို့သည် သာသနာ့ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကုန် ပြီးလျှင် ထိုသာသနာ့ပြင်ပအယူရှိကုန်သည့် ပရိဗိုဇ်တို့နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို ပြီးဆုံးစေပြီး၍ တစ်ခုသော နေရာ၌ ထိုင်နေပါကုန်၏၊ တစ်ခုသော နေရာ၌ ထိုင်နေသောအကျွန်ုပ်တို့ အား သာသနာ့ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့သည်ဤစကားကို ဆိုပါကုန်၏၊

ငါ့သျှင်တို့ ရဟန်းဂေါတမသည် တပည့် 'သာဝက' တို့အား "ရဟန်းတို့ လာကြကုန်၊ သင်တို့သည်စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကိုပယ် စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုဟုတ်မှန်သောအတိုင်း ပွါးများကြကုန်လော့"ဟု ဤသို့သော တရားကို ဟောကြား၏။ ငါ့သျှင်တို့ ငါတို့သည်လည်း တပည့် 'သာဝက' တို့အား "ငါ့သျှင်တို့ လာကြကုန်၊ သင် တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သောနီဝရဏ ငါးပါးတို့ကို ပယ်စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုဟုတ်မှန်သောအတိုင်းပွါးများကြကုန်လော့"ဟု ဤသို့ သော တရားကို ဟောကုန်၏။ ငါ့သျှင်တို့ ဤအရာ၌ ရဟန်းဂေါတမ၏တရားဟောခြင်းနှင့် ငါတို့၏ တရားဟောခြင်းသည်လည်းကောင်း၊ ရဟန်းဂေါတမ၏ ဆုံးမခြင်းနှင့် ငါတို့၏ဆုံးမခြင်းသည်

လည်းကောင်း အထူးကား အဘယ်နည်း၊ သာလွန်ခြင်းကား အဘယ်နည်း၊ ကွဲပြားချက်ကား အဘယ်နည်းဟု ဤစကား ကို ပြောဆိုပါကုန်၏။

အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် သာသနာ့ပြင်ပအယူရှိကြသည့် ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကားကို မနှစ်သက်မတားမြစ်မူ၍ "မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏ အနက်ကိုသိရကုန်အံ့"ဟု နေရာမှ ထကာ ဖဲခွါခဲ့ကြပါကုန်၏ဟု လျှောက်ကုန်၏။

ရဟန်းတို့ ဤသို့ ပြောဆိုလေ့ရှိကြကုန်သော သာသနာ့ပြင်ပအယူရှိကြကုန်သော ပရိဗိုဇ်တို့အား ဤသို့ ပြောဆိုကုန်ရာ၏— "ငါ့သျှင်တို့ အကြင်အကြောင်းကို စွဲ၍ နီဝရဏငါးပါးတို့သည် ဆယ်ပါး ဖြစ်ကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် တစ်ဆယ့်လေးပါး ဖြစ်ကုန်၏၊ ထိုအကြောင်းသည် ရှိပါသလော"ဟု (ပြောဆိုကုန်ရာ၏)။ ရဟန်းတို့ ဤသို့ မေးအပ်ကုန်သည်ရှိသော် သာသနာ့ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့သည် ပြည့်စုံစွာ မဖြေဆိုနိုင်ကြကုန်လတ္တံ့၊ ထို့ပြင် ပင်ပန်းဆင်းရဲခြင်းသို့လည်း ရောက်ကုန်လတ္တံ့၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ၎င်းတို့၏ အရာ မဟုတ်သောကြောင့်တည်း။ ရဟန်းတို့ ငါဘုရားကိုဖြစ်စေ၊ ငါဘုရား၏ တပည့် 'သာဝက' ကိုဖြစ်စေ၊ ဤသာသနာတော်မှ ကြားနာရသော သူကိုဖြစ်စေ ဖယ်ထား၍ ဤပြဿနာတို့ကို ဖြေဆိုခြင်းဖြင့် စိတ်ကို နှစ်သက်စေနိုင်မည့်သူကို နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ငါဘုရား မမြင်။

ရဟန်းတို့ အကြင်အကြောင်းကို စွဲ၍ နီဝရဏငါးပါးတို့သည် ဆယ်ပါး ဖြစ်ကုန်၏၊ ထိုအကြောင်း ကား အဘယ်နည်း။

ရဟန်းတို့ မိမိခန္ဓာကို စွဲ၍ ဖြစ်သော ကာမ၌ လိုချင်မှု 'ကာမစ္ဆန္ဒ'သည်လည်း နီဝရဏတည်း၊ ပြင်ပခန္ဓာကို စွဲ၍ ဖြစ်သော ကာမ၌ လိုချင်မှု 'ကာမစ္ဆန္ဒ'သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ထိုကာမစ္ဆန္ဒနီဝရဏသည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။ ရဟန်းတို့ မိမိခန္ဓာကို စွဲ၍ ဖြစ်သော ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်လည်း နီဝရဏတည်း၊ ပြင်ပခန္ဓာကို စွဲ၍ ဖြစ်သော ပျက်စီးစေလိုမှု 'ဗျာပါဒ'သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ထိုဗျာပါဒနီဝရဏသည် ဤအကြောင်းပရိယာယ်

အားဖြင့်လည်းနှစ်ပါးဖြစ်၏။ ရဟန်းတို့ စိတ်၏ ထိုင်းမှိုင်းမှု 'ထိန' သည်လည်း နီဝရဏတည်း၊ စေတသိက်၏ ထိုင်းမှိုင်းမှု 'မိဒ္ဓ' သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ထိုထိနမိဒ္ဓနီဝရဏသည် ဤ အကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။ ရဟန်းတို့ စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည်လည်း နီဝရဏတည်း၊ နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ' သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ထိုဥဒ္ဓစ္စကုက္ကုစ္စနီဝရဏသည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။ ရဟန်းတို့ မိမိခန္ဓာတရားတို့၌ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း နီဝရဏတည်း၊ ပြင်ပခန္ဓာတရားတို့၌ မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ထိုဝိစိကိစ္ဆာနီဝရဏသည် ဤအကြောင်းပရိယာယ်အားဖြင့် လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ အကြွင်းအကြောင်းကို စွဲ၍ နီဝရဏငါးပါးတို့သည် ဆယ်ပါး ဖြစ်ကုန်၏၊ ဤသည်ကား အကြောင်းပရိယာယ်တည်း။

ရဟန်းတို့ အကြွင်းအကြောင်းကို စွဲ၍ ဗောဇ္ဈင်ခုနစ်ပါးတို့သည် တစ်ဆယ့်လေးပါး ဖြစ်ကုန်၏၊ ထို အကြောင်းကား အဘယ်နည်း။

ရဟန်းတို့ အတွင်းသင်္ခါရတရားတို့၌ အောက်မေ့မှု 'သတိ' သည်လည်း သတိသမ္ဗောဇ္ဈင်တည်း၊ ပြင်ပ သင်္ခါရတရားတို့၌ အောက်မေ့မှု 'သတိ' သည်လည်း သတိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ထိုသတိသမ္ဗောဇ္ဈင်သည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ အတွင်းသင်္ခါရတရားတို့၌ ပညာဖြင့် ဆင်ခြင်ခြင်း သုံးသပ်ခြင်း စုံစမ်းခြင်းသို့ ရောက်ခြင်း သည်လည်း ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ ပြင်ပသင်္ခါရတရားတို့၌ ပညာဖြင့် ဆင်ခြင်ခြင်း သုံးသပ်ခြင်း စုံစမ်းခြင်းသို့ ရောက်ခြင်းသည်လည်း ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ထိုဓမ္မဝိစယသမ္ဗောဇ္ဈင် သည်ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကိုယ်၌ ဖြစ်သောအားထုတ်မှုသည်လည်း ဝီရိယသမ္ဗောဇ္ဈင်တည်း၊ စိတ်၌ ဖြစ်သော အားထုတ်မှုသည်လည်း ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ထိုဝီရိယသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့နှင့် တကွဖြစ်သော နှစ်သိမ့်မှု 'ပီတိ' သည်လည်း ပီတိသမ္ဗောဇ္ဈင်တည်း၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့ မရှိသော နှစ်သိမ့်မှု 'ပီတိ'သည်လည်း ပီတိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ထိုပီတိသမ္ဗောဇ္ဈင်သည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကိုယ်၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'သည်လည်း ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ' သည်လည်း ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ထိုပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့နှင့် တကွဖြစ်သော တည်ကြည်မှု 'သမာဓိ'သည်လည်း သမာဓိသမ္ဗောဇ္ဈင်တည်း၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ မရှိသော တည်ကြည်မှု 'သမာဓိ' သည်လည်း သမာဓိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ထိုသမာဓိသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ အတွင်းသန္တာန်ရတရားတို့၌ အညီအမျှ ရှုမှု 'ဥပေက္ခာ' သည်လည်း ဥပေက္ခာသမ္ဗောဇ္ဈင်တည်း၊ ပြင်ပသန္တာန်ရတရားတို့၌ အညီအမျှ ရှုမှု 'ဥပေက္ခာ' သည်လည်း ဥပေက္ခာသမ္ဗောဇ္ဈင်တည်း၊ ဤသို့ လျှင်ထိုဥပေက္ခာသမ္ဗောဇ္ဈင်သည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ အကြင်အကြောင်းကို စွဲ၍ ဗောဇ္ဈင်ခုနစ်ပါးတို့သည် တစ်ဆယ့်လေးပါး ဖြစ်ကုန်၏၊ ဤသည်ကား အကြောင်းပရိယာယ်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ဗောဇ္ဈင်(၇)ပါး

၁။ အာရုံ၌အမှတ်ရအောက်မေ့မှုသတိသည် **သတိသမ္ဗောဇ္ဈင်။**

၂။ ရုပ်တရား၊နာမ်တရားတို့၏ ဖြစ်မှုပျက်မှုမမြဲသောသဘောစသည်ကို သေချာသိသောဉာဏ်သည် **ဓမ္မဝိစယသမ္ဗောဇ္ဈင်။**

၃။ရှုမှတ်တိုင်း၌ပါဝင်သောအားထုတ်မှု ကြောင့်ကြစိုက်မှုလုံ့လဝီရိယသည် **ဝီရိယသမ္ဗောဇ္ဈင်။**

၄။ ကြက်သီးမွေးညှင်းစသည်ကိုဖြစ်စေလျက် ကိုယ်ထဲစိတ်ထဲတို့၌ထင်ရှားစွာဖြစ်ပေါ်လာသော နှစ်သက်မှု ပီတိသည် **ပီတိသမ္ဗောဇ္ဈင်။**

၅။ ရှုမှတ်၍ကောင်းသောအခါ၌ အထူးကြောင့်ကြစိုက်မှုမရှိတော့ဘဲ ကိုယ်ထဲစိတ်ထဲ၌ပူပန်မှုငြိမ်းအေးလျက် ငြိမ်သက်အေးငြိမ်းသောသဘောသည် **ပဿဒ္ဓိသမ္ဗောဇ္ဈင်။**

၆။ရှုမှတ်နေသောအာရုံ၌သာ စူးစိုက်ကပ်ငြိမ်းတည်နေမှုသည် **သမာဓိသမ္ဗောဇ္ဈင်။**

၇။ ရှုမှတ်မှုတိုင်း၌ သဒ္ဓါနဲ့ပညာ၊ဝီရိယနဲ့သမာဓိ အချင်းချင်းလွှမ်းမိုးနိုင်သည့် သမ္ပယုတ်တရားတို့ကိုအင်အားညီမျှစွာ ထားခြင်းသဘောသည် **ဥပေက္ခာသမ္ဗောဇ္ဈင်။**

## သမ္ဗောဇ္ဈင် ရှုပွားနည်း

၁။ မိမိသဏ္ဍာန်မှာ သမ္ဗောဇ္ဈင်ရှိ မရှိ၊ဖြစ် မဖြစ်ကိုဆင်ခြင်နှလုံးသွင်းပါ

၂။ သမ္ဗောဇ္ဈင်ရှိလျင် ဖြစ်လျင် ရှိတယ်ဖြစ်တယ်လို့ သတိဉာဏ်နဲ့ သိအောင်ရှုပါ။

၃။ သမ္ဗောဇ္ဈင် မရှိ၊မဖြစ်လျင်၊ မရှိသေးမဖြစ်သေးလို့ သတိဉာဏ်နဲ့ သိအောင်ရှုပါ။

၄။ မရှိသေးမဖြစ်သေးသော သမ္ဗောဇ္ဈင်ဖြစ်ခြင်းသည် ယောနိသောမနသိကာရကြောင့်ဖြစ်၏။

ထို့ ကြောင့်သမ္ဗောဇ္ဈင်ရှိခြင်း၊ဖြစ်ခြင်း၏အကြောင်းဖြစ်သော ယောနိသောမနသိကာရကို သတိဉာဏ်ဖြင့် ရှုသိပါ။

၅။ ဖြစ်ပေါ်နေသော သမ္ဗောဇ္ဈင်၏ တိုးပွားပြည့်စုံမှုသည် ယောနိသောမနသိကာရကြောင့်ဖြစ်၏။ ထို့ ကြောင့် သမ္ဗောဇ္ဈင်တိုးပွားပြည့်စုံခြင်း၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရကို သတိဉာဏ်ဖြင့်ရှုသိပါ။

**မှတ်ချက်။ ။**

ယောနိသောမနသိကာရဟူသည် မှတ်သိမှုကိုဖြစ်စေမည်ဟု နှလုံးသွင်းမှုကိုလည်းကောင်း၊ ရှေးရှေးရှုမှတ်မှုများကိုလည်းကောင်း ဆိုလိုသည်။ ထိုနှစ်ပါးသော ယောနိသောမနသိကာရကြောင့် ယောဂီပုဂ္ဂိုလ်အား အမှတ်ရမှု သတိသမ္ဗောဇ္ဈင်ဖြစ်ပေါ်၍နေ၏။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် မနသိကာရနှစ်မျိုး အကြောင်းကိုသိသည်။ သမ္ဗောဇ္ဈင်များတိုးပွားပြည့်စုံမှုသည် အရဟတ္တမဂ်ကိုရလျင်လုံးဝပြည့်စုံ၏။ နောက်ထပ်တိုးပွားစရာမလိုတော့ပါ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် သမ္ဗောဇ္ဈင်၏တိုးပွားပြည့်စုံမှုကြောင့်ဖြစ်သော အရဟတ္တမဂ်ကိုသိသည်။ အခြားပုဂ္ဂိုလ်များကား သုတမယဉာဏ်၊စိန္တာမယဉာဏ်ဖြင့်သာ သိနိုင်ကြသည်။

## သတိဖြစ်ကြောင်းတရား(၄)ပါး

၁။ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသော (၇)ပါးသောအရာတို့၌ သတိသမ္ပဇဉ်နှင့်ယှဉ်ခြင်း။

၂။ သတိမေ့လျော့ပေါ့တန်သူကိုရှောင်ခြင်း။

၃။ သတိရှိသူကိုမှီဝဲခြင်း။

၄။ ဣရိယာပုထ်တိုင်း သတိကိုဖြစ်စေခြင်းငှာအမြဲညွှတ်သောစိတ်ရှိခြင်း။ (မ၊ဋ္ဌ၊၁၊၂၉၄)

## ပညာဖြစ်ကြောင်းတရား(၇)ပါး

၁။ ခန္ဓာ၊အာယတန၊ဓာတ်စသည်တို့ကို ပညာရှိထံအဖန်ဖန်မေးခြင်း။

၂။ ကိုယ်တွင်း၊ကိုယ်ပ၌ရှိသောဝတ္ထုများ သန့်ရှင်းစင်ကြယ်ခြင်း။

၃။ သဒ္ဓါလွန်လျင် ကွန့်သည်၊ ပညာလွန်လျင် ဆွံ့သည်၊ ဝီရိယလွန်လျင် ပြန့်သည်၊ သမာဓိလွန်လျင် တွန့်သည်။

သတိမှုကား လွန်သည်မရှိ လိုသည်သာရှိ-ဟူရကား

သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ကို ညီမျှအောင်ပြုခြင်း။

၄။ ပညာမဲ့သူကို ရှောင်ကြဉ်ခြင်း။

၅။ ပညာရှိသူကို ပေါင်းခြင်း။

၆။ နက်နဲသောခန္ဓာစသည်၌ နက်နဲသောပညာအပြားကို ဆင်ခြင်ခြင်း။

၇။ ဣရိယာပုထ်တိုင်း ပညာဖြစ်စေခြင်းငှာ အမြဲညွှတ်ကိုင်းသောစိတ်ရှိခြင်း။

## တနည်း။ ။ဉာဏ်ဖြစ်ကြောင်းတရား (၅)ပါး

၁။ ပညာကိုဖြစ်စေတတ်သောကုသိုလ်ကံကို ပြုခဲ့ခြင်း။

၂။ ဒေါသမရှိသော ရူပပြဟ္မာဘုံ၌ ဖြစ်ရခြင်း။

၃။ ဣန္ဒြေ၏ရင့်ကျက်ခြင်း။

၄။ ဘာဝနာစီးဖြန်းသဖြင့် ကိလေသာတို့မှဝေးကွာခြင်း။

၅။ တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်း။

## ဝီရိယဖြစ်ကြောင်းတရား(၁၁)ပါး

၁။ အပါယ်ဘေးကို ဆင်ခြင်ခြင်း။

၂။ ဝီရိယ၏အကျိုးကို ရှုမြင်ခြင်း။

၃။ ဘုရားစသောသူတော်ကောင်းတို့ သွားရာလမ်းခရီးကို လိုက်သင့်၏ဟုဆင်ခြင်ခြင်း။

၄။ တရားကိုအားထုတ်ခြင်းဖြင့် ဆွမ်းကိုရိုသေပူဇော်ခြင်း။

၅။ သူတော်ကောင်းဥစ္စာတည်းဟူသော အမွေခံမြတ်ကို ဆင်ခြင်ခြင်း။

၆။ ဆရာဘုရား၏မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း။

၇။ ဘုရားသားတော်၏ အဖြစ်တည်းဟူသော အမျိုးမြတ်သည်ကို ဆင်ခြင်ခြင်း။

၈။ သီတင်းသုံးဖော်၏ အဖြစ်တည်းဟူသော အမျိုးမြတ်သည်ကို ဆင်ခြင်ခြင်း။

၉။ ပျင်းရိသောသူကို ရှောင်ကြဉ်ခြင်း။

၁၀။ ဝီရိယရှိသူကို ပေါင်းခြင်း။

၁၁။ ဣရိယာပုထ်တိုင်း ဝီရိယကို ဖြစ်စေရန် အမြဲညွတ်ကိုင်းသောစိတ်ရှိခြင်း။

## ဝီရိယာရမ္ဘ ဝတ္ထု (၈)ပါး

၁။ **ကမ္မ** (က) တစုံတခုသောအမှုကိစ္စကို ပြုပြီးခြင်း (ခ) ပြုခါနီးဖြစ်ခြင်း။

၂။ **မဂ္ဂ** (က) ခရီးသွားပြီးစ ဖြစ်ခြင်း (ခ) ခရီးသွားခါနီးနေခြင်း။

၃။ **ဂေလည** (က) ကျမ်းမာပြီးစဖြစ်ခြင်း (ခ) မကျန်းမမာစပြုနေခြင်း။

၄။ **ပိဏ္ဍ** (က) အစာအာဟာရ လုံလောက်စွာမရခြင်း (ခ) အလွန်ပေါများခြင်း။

## ပီတိဖြစ်ကြောင်းတရား(၁၁)ပါး

၁။ ဗုဒ္ဓါနုဿတိကို ပွားများခြင်း။

၂။ ဓမ္မာနုဿတိကို ပွားများခြင်း။

၃။ သံဃာနုဿတိကို ပွားများခြင်း။

၄။ သီလာနုဿတိကို ပွားများခြင်း။

၅။ စာဂါနုဿတိကို ပွားများခြင်း။

၆။ ဒေဝတာနုဿတိကို ပွားများခြင်း။

၇။ ဥပသမာနုဿတိကို ပွားများခြင်း။

၈။ ကြမ်းတမ်းသူကို ရှောင်ကြဉ်ခြင်း။

၉။ သိမ်မွေ့သူကို ပေါင်းသင်းခြင်း။

၁၀။ ကြည်ညိုဖွယ်သုတ္တန်ကို ဆင်ခြင်ခြင်း။

၁၁။ ရပ်ခြင်းစသည်၌ ပီတိဖြစ်ဖို့ စိတ်ညွှတ်ခြင်း။

## ပဿဒ္ဓိဖြစ်ကြောင်းတရား(၇)ပါး

၁။ မွန်မြတ်သော အစာကိုမှီဝဲခြင်း။

၂။ လျောက်ပတ်သော ဥတု၌နေခြင်း။

၃။ သွားရပ်စသည်၌ ညီညွတ်မျှတခြင်း။

၄။ မိမိသူတစ်ပါး ကံသာလျှင်ဥစ္စာရှိ၏ဟု နှလုံးသွင်းခြင်း။

၅။ ညှဉ်းဆဲပုပန်တတ်သူကို ရှောင်ကြဉ်ခြင်း။

၆။ ငြိမ်းချမ်းသူကို ပေါင်းသင်းခြင်း။

၇။ ရပ်ခြင်းစသည်၌ ပဿဒ္ဓိဖြစ်ဖို့စိတ်ညွှတ်ခြင်း။

## သမာဓိဖြစ်ကြောင်းတရား(၁၁)ပါး

၁။ ဝတ္ထုသန့်ရှင်း စင်ကြယ်ခြင်းကိုပြုခြင်း။

၂။ ဣန္ဒြေတို့ကို ညီမျှအောင်ပြုခြင်း။

၃။ နိမိတ်ကို ကျွမ်းကျင်နားလည်ခြင်း။

၄။ စိတ်ကတက်ကြွနေလျှင် နှိမ့်ပေးရခြင်း။

၅။ စိတ်ကကျနေလျှင် မြှောက်ပေးရခြင်း။ (အားတက်လွန်းနေလျှင် လျှော့ပေးရခြင်း)

၆။ စိတ်မချမ်းမြေ့က သံဝေဂယူခြင်း။

၇။ ရတနာသုံးပါးဂုဏ်ကို အောက်မေ့လျက် စိတ်ရွှင်စေခြင်းကို တည်ငြိမ်အောင်ပြုခြင်း။

၈။ ပျံ့လွင့်သူကို ရှောင်ကြဉ်ခြင်း။

၉။ တည်ကြည်သူကို ပေါင်းသင်းခြင်း။

၁၀။ ဈာန်၊ဝိမောက္ခဂုဏ်ကို ဆင်ခြင်ခြင်း။

၁၁။ ရပ်ခြင်းစသည်၌ သမာဓိဖြစ်ဖို့စိတ်ညွှတ်ခြင်း။ (သမာဓိ၌ လိုလားသောစိတ်ရှိခြင်း)

## ဥပေက္ခာဖြစ်ကြောင်းတရား(၅)ပါး

၁။ သတ္တဝါတို့၌ လျစ်လျူရှုခြင်း။

၂။ သင်္ခါရတရားတို့၌ စိတ်ကိုအညီအမျှထားခြင်း။

၃။ မြတ်နိုးသူကိုရှောင်ကြဉ်ခြင်း။

၄။ လျစ်လျူရှုသူကို ပေါင်းသင်းခြင်း။

၅။ ရပ်ခြင်းစသည်၌ ဥပေက္ခာဖြစ်ဖို့ စိတ်ညွှတ်ခြင်း။ (မဋ္ဌ၊၁၊၃၀၂)

## သဒ္ဓါဖြစ်ကြောင်းတရား(၁၁)ပါး

၁။ အနုဿတိ(၇)ပါးကို ပွားများခြင်း။

၂။ ဓမ္မာနုဿတိကို ပွားများခြင်း။

၃။ သံဃာနုဿတိကို ပွားများခြင်း။

၄။ သီလာနုဿတိကို ပွားများခြင်း။

၅။ စာဂါနုဿတိကို ပွားများခြင်း။

၆။ ဒေဝတာနုဿတိကို ပွားများခြင်း။

၇။ ဥပသမာနုဿတိကို ပွားများခြင်း။

၈။ သဒ္ဓါမရှိသူကို ရှောင်ကြဉ်ခြင်း။

၉။ သဒ္ဓါရှိသူကို ပေါင်းသင်းခြင်း။

၁၀။ သဒ္ဓါတရားဖြစ်စေသည့် သုတ္တန်တရားတို့ကိုဆင်ခြင်ခြင်း။

၁၁။ကြရိယာပုထ်တိုင်း၌ သဒ္ဓါတရားဖြစ်ဖို့ စိတ်ကိုညွတ်ခြင်း။ (အံ၊ဋ္ဌ၊၁၊၃၈၇)

## သမ္ဗောဇ္ဈင် (၇)ပါးကို ညီမျှအောင်ရှုနည်း

စိတ်ဓာတ်များတက်ကြွလွန်နေသောအခါ လျော့ပေးဖို့အတွက် ပဿဒ္ဓိသဗောဇ္ဈင်၊သမာဓိသဗောဇ္ဈင်၊ ဥပေက္ခာသဗောဇ္ဈင်တို့ကို ရှုပွားပေးရမည်။

စိတ်ဓာတ်များကျနေသောအခါ မြှင့်တင်ပေးဖို့အတွက် ဓမ္မဝိစယသဗောဇ္ဈင်၊ဝီရိယသဗောဇ္ဈင်၊ ပီတိသဗောဇ္ဈင်တို့ကို ရှုပွားပေးရမည်။